# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမ ပုံမှန်အစည်းအဝေး

# (၃၀)ရက်မြောက်နေ့ အစီအစဉ်

# [ ၁၃-၇-၂၀၁၇ ] (ကြာသပတေးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမ ပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးခင်ချို၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်၏ **၂၀၁၅-၂၀၁၆ နှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်များအတွင်း ဖမ်းဆီးရမိသော ပုံစံ(၈) ဝင်သစ်များနှင့် ပတ်သက်၍ ဖမ်းဆီးပမာဏ၊ ခန့်မှန်းတန်ဖိုး၊ အမှုအရေအတွက်၊ အရေးယူဆောင်ရွက်ပြီးပြတ်မှုအခြေအနေ၊ အများဆုံးဖမ်းဆီးရမိဒေသနှင့် ကာကွယ်တားဆီး ဆောင်ရွက်နေမှုအခြေအနေများကို ပွင့်လင်းမြင်သာစွာ ချပြနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးငြိမ်းသစ်(ခ)ဦးသောင်းထွန်း၊ မဟာအောင်မြေ မဲဆန္ဒနယ်၏ **အမျိုးသားစာပေဆုရွေးချယ်ချီးမြှင့်ရာတွင် လေးလုံးစပ်၊ အစဉ်အလာ ကဗျာများနည်းတူ ခေတ်ပေါ်ကဗျာများကိုလည်း ထည့်သွင်းချီးမြှင့်ရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဦးမောင်မြင့်၊ မင်းကင်း မဲဆန္ဒနယ်၏ **စာပေဟောပြောပွဲများနှင့်ပတ်သက်၍ စည်းကမ်းတကျ ရှိစေရေးနှင့် ပါတီတစ်ချို့၏ လက်ကိုင်တုတ်ယန္တရား မဖြစ်စေရေးအတွက် ရည်ရွယ်ချက်ထားရှိပြီး ဥပဒေတစ်ရပ် ထုတ်ပြန်ရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဦးဝင်းဝင်း၊ မင်းဘူး မဲဆန္ဒနယ်၏ **မင်းဘူးမြို့၊ စကိန္တဲဘုရားအနီးမှ ရွာသာကျေးရွာဆိပ်အထိ ကမ်းပတ်တာနှင့် ရေထိန်းတံခါးများ တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(င) ဦးထွန်းထွန်း၊ ပွင့်ဖြူ မဲဆန္ဒနယ်၏ **သမဝါယမ ချေးငွေများကို မည်သို့ချေးထားပါသနည်း၊ အသင်းသား၊ အသင်းသူသစ်များ ထပ်မံတိုးချဲ့၍ ပွင့်လင်းမြင်သာစွာ ချေးပေးရန် အစီအစဉ်ရှိ၊ မရှိ**နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဒေါ်ချိုချို၊ အုတ်တွင်း မဲဆန္ဒနယ်၏ **၂၀၁၀ ခုနှစ်က ဖောက်လုပ်သည့် ခပေါင်းရေလွှတ်တမံကြောင့် ဆုံးရှုံးခဲ့ရသော လယ်ယာမြေများအတွက် နစ်နာမှုဖြေလျှော့ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်သူ့လွှတ်တော်၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးမြစိန်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မဲဆန္ဒနယ်၊

(ခ) ဦးစိုင်းသန့်ဇင်၊ သီပေါ မဲဆန္ဒနယ်၊

၇။ ပြည်သူ့လွှတ်တော်၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆို တင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊

၈။ ပြည်သူ့လွှတ်တော်၊ ရင်းနှီးမြှုပ်နှံမှုနှင့်စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာကို မအူပင် မဲဆန္ဒနယ်မှ ဦးစိန်ဝင်းက ဆွေးနွေးခြင်း၊

၉။ ပြည်သူ့လွှတ်တော်၊ ရင်းနှီးမြှုပ်နှံမှုနှင့်စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆို တင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း၊

၁၀။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာသော **"တူးမြောင်း ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက် အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေး တင်ပြခြင်း၊

၁၁။ ဒေါက်တာဦးလှမိုး၊ အောင်မြေသာစံ မဲဆန္ဒနယ်က **"မြန်မာ့ပညာရေး ပြုပြင်ပြောင်းလဲမှု အထောက်အပံ့ဖြစ်စေရန်နှင့် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မြှင့်တင်နိုင်စေရန်အတွက် အစိုးရ၏ ပညာရေး ရုပ်မြင်သံကြားလိုင်း (Government Education TV Channel) တစ်လိုင်း သီးခြားထုတ်လွှင့်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၁၂။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၁၃။ ဦးကျော်အောင်လွင်၊ စေတုတ္တရာ မဲဆန္ဒနယ်က **"နိုင်ငံတစ်ဝန်းတွင် ကြီးမားစွာဖြစ်ပွားလျက်ရှိသော သစ်မှောင်ခိုမှုများ၊ သစ်ခိုးထုတ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ ဖြေရှင်းဆောင်ရွက်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၁၄။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၁၅။ ဦးလင်းလင်းဦး၊ တနိုင်း မဲဆန္ဒနယ်က **"ကချင်ပြည်နယ်၊ တနိုင်းမြို့နယ်နှင့် ဖားကန့် မြို့နယ်တို့တွင် တရားမဝင် ရွှေမှော် နှင့် ပယင်းမှော်များ တူးဖော် ဆောင်ရွက်နေမှုများကို ယခုလိုနောင်အခါ မဖြစ်ရအောင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ပြည်နယ်အစိုးရတို့က ထိထိရောက်ရောက် ကြပ်မတ်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း"**အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၁၆။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၁၇။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၁)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။